အဆုတ်ရောဂါ ဆေးဝါးများ

အသွင်ပြောင်းဖြန့်ချိမှု ၂- ဧပြီလ ၂၀၁၃ ခုနှစ်

Burmese

အဆုတ်ရောဂါ (TB) ကုသမှုသည် အဘယ်ကြောင့် အရေးကြီးပါသနည်း။

အောက်ပါအကြောင်းပြချက်များမှ တစ်ခုကြောင့် ဆရာဝန်သည် ကုသမှုပေးရန် ညွှန်ကြားခဲ့ပါလိမ့်မည် -

- **ရှင်သန်ထကြွလျက်ရှိသည့်အဆုတ်ရောဂါ TB အတွက် ကုသမှု-** အဆုတ်ရောဂါ TB သည်အမြဲတမ်းအားဖြင့် သမရိုးကျ ရောဂါလက္ခဏာများဖြစ်သည့် ချောင်းဆိုးခြင်း၊ ကိုယ်အလေးချိန်ကျဆင်းခြင်း၊ ညအခါ ချွေးထွက်ခြင်း နှင့်သလိပ်တွင်သွေးပါခြင်း တို့ကိုပြသမည် မဟုတ်ပါ၊ သို့သော်လည်း ဤလက္ခဏာများ ဖြစ်ပေါ်လာနိုင်ပြီး အကယ်၍ရောဂါကို သေချာစွာမကုသလျှင် သေဆုံးနိုင်ပါသည်။ ကုသခြင်းမရှိသည့် ရောဂါသည် အခြားသူများအားကူးစက်မည့်အန္တရာယ်အလားအလာကိုလည်း ဖြစ်စေသည်။ ညွှန်ကြားထားသည့် အဆုတ်ရောဂါ TB ကုသမှုကို ပြီးဆုံးအောင်ခံယူရမည်ဖြစ်သည်။ ကုသမှုခံယူနေစဉ် အချိန်တိုတိုတောင်းတောင်းအတွင်းမှာပင် သင် အလွန်သက်သာကြောင်း သို့မဟုတ် အလွန်ပင်နေကောင်းလာကြောင်း ခံစားနိုင်ပါသည်။ သို့သော်ငြားလည်း ပိုးသည်ရှိနေသေးနိုင်ပြီး ကုသမှုဆေးခွက်ချိန်အပြည့် ကုသမှသာ ပိုးအားလုံးကို သတ်ပါလိမ့်မည်။ အဆုတ်ရောဂါ TB သည်ကူးစက်တတ်သောရောဂါတစ်ခုဖြစ်ပြီး ကုသမှုသည်အခြားသူများအားကူးစက်ရာမှ အကာအကွယ်ပေးပါသည်။
- **မြို့နေသည့် အဆုတ်ရောဂါ TB ကူးစက်မှုအတွက် ကုသမှု -** အဆုတ်ရောဂါ TB ပိုး ကူးစက်နေကြောင်းအထောက်အထားရှိသော်လည်း ရှင်သန်နေသည့်ရောဂါ၏လက္ခဏာမရှိသည့်ကိစ္စတွင် **အဆုတ်ရောဂါ TB ဖြစ်လာခြင်းမှ အကာအကွယ်ပေးရန်**
- ရံဖန်ရံခါတွင် အဆုတ်ရောဂါ တိုက်ဖျက်သည့်ဆေးများကို အဆုတ်ရောဂါမဟုတ်သည့် ဘက်တီးရီးယားရောဂါများ ကဲ့သို့သော အခြားကူးစက်မှု အမျိုးအစားများကိုကုသရန် အသုံးပြုပါသည်။

ကျွန်ုပ်၏ဆေးများကို မည်သည့်အချိန်တွင် ကျွန်ုပ်သောက်ရမည်နည်း။

ဆေးဝါးများကို ဆရာဝန်ညွှန်ကြားသည့်အတိုင်း ပျက်ကွက်မှုမရှိစေပဲ အောင်မြင်သောကုသမှုရရန်အတွက် **သောက်ရမည်ဖြစ်သည်။** ဆေးဝါးများကို သာမန်အားဖြင့် နေ့စဉ်သောက်ရန်ပေးသော်လည်း တစ်ခါတစ်ရံတွင် ၎င်းတို့ကို ရက်သတ္တပတ် တစ်ပတ်လျှင် နှစ်ကြိမ် သို့မဟုတ် သုံးကြိမ် အတွက်သာလျှင် ပေးပါသည်။ ဤကိစ္စတွင် ၎င်းဆေးဝါးများကို သတ်မှတ်ထားသောနေ့ရက်များ၌ ဆေးခန်းမှသူနာပြု (စာမျက်နှာ 3 ၊ အချက် 13 ကိုကြည့်) တစ်ဦးဖြစ်စေ သို့မဟုတ် အခြား ကြီးကြပ်သူတစ်ဦးဖြစ်စေ ၏တိုက်ရိုက်ကြီးကြပ်မှုဖြင့် သောက်ရမည်ဖြစ်သည်။ ဆေးကို နေ့စဉ်အချိန်မှန် အစာမရှိသောဝမ်းဗိုက် ဟောင်းလောင်းဖြင့် (အစာမစားမီ သို့မဟုတ် အစာစားပြီးနောက် တစ်နာရီနှင့်မိနှစ် ၃၀) မြို့ချရမည် (ဝါးစားရန်မဟုတ်) ဖြစ်သည်။ လူအတော်များများသည် အိမ်ယာမဝင်မီ ဆေးကိုစားကြပါသည်။ ဆေးအားလုံးကို တစ်ချိန်တည်းတွင်စားရမည်ဖြစ်သော်လည်း အားလုံးကိုတစ်ခါတည်း မြို့ချရန်မလိုအပ်ပါ။

အဘယ်ဆေးများကို အဆုတ်ရောဂါ TB အားကုသရန် သုံးပါသလဲ။

အောက်တွင် အဆုတ်ရောဂါ TB ကိုကုသရာတွင်အသုံးပြုသည့် ဆေးဝါးများစာရင်းတစ်ခုဖြစ်ပြီး ၎င်းတို့၏ဖြစ်နိုင်ခြေရှိသည့်ဘေးထွက်ဆိုးကျိုးများဖြစ်သည်။ ဘေးထွက်ဆိုးကျိုးများအားလုံးကို စာရင်းမပြုထားပါ၊ သင့်ဆရာဝန်က ၎င်းတို့ကိုအသေးစိတ်ဆွေးနွေးပါလိမ့်မည်။ ဆေးများတွင် သာမန်အားဖြင့် ဆေးကို သုံးရန်ဟန့်တားလောက်သည့် ဘေးထွက်ဆိုးကျိုးများမရှိပါ သို့သော်လည်း ၎င်းတို့ကိုသိရှိထားရန်အရေးကြီးပြီး အကယ်၍၎င်းတို့ဖြစ်ပေါ်ပါက ဆရာဝန်အား အကြောင်းကြားပါ။ အော့အန်ချင်စဖွယ်ဖြစ်ခြင်း၊ ဝမ်းဗိုက်နာခြင်း၊ မျက်လုံးဝါခြင်း၊ ဆီးအရောင်ရင့်ခြင်း သို့မဟုတ် ဖြူဖပ်ဖြူရော် ကြင်ကြီးဖြစ်ခြင်း ကဲ့သို့သောလက္ခဏာတစ်ခုခု ကို *ချက်ချင်း*သတင်းပို့ခြင်းသည် အရေးကြီးဆုံးဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် ဆေးတစ်မျိုး သို့မဟုတ် ထိုထက်ပိုသော ဆေးများက ဤပြဿနာများကို ဖြစ်ပွားနိုင်သောကြောင့်ဖြစ်သည်။

INAH (Isoniazid): သေးငယ်ပြီး 100 မီလီဂရမ် ဆေးစွမ်းအားရှိသည့်အဖြူရောင်ဆေးပြားများဖြစ်ပြီး ၎င်းတို့သည် အဆုတ်ရောဂါ TB ပိုးအပေါ် အလွန်အစွမ်းထက်ပါသည်။ ၎င်းဆေးများသည် တစ်ခါတစ်ရံ၌ နေမထိထိုင်မသာဖြစ်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အာရုံစိုက်နည်းပါးခြင်း သို့မဟုတ် မျက်နှာ ပေါ်ရှိဝက်ခြံဆိုးဝါးလာခြင်း ကဲ့သို့သော အသေးအဖွဲ လက္ခဏာများကိုဖြစ်ပေါ်စေသည်။ အကယ်၍၎င်းတို့မှာ စိတ်နေစိတ်ထားနှင့်အမူအကျင့် ကိုပြောင်းလဲ စေလျှင် သင့်ဆရာဝန်အား *ချက်ချင်း* သတင်းပို့သင့်သည်။ အင်အားနည်းခြင်း၊ ထုံခြင်းနှင့်လက်နှင့်ခြေတို့တွင် စိုးစိုးစစ်စစ် ခံစားရခြင်း တို့ရံဖန်ရံခါဖြစ်ပေါ်တတ် သည်၊ အထူးသဖြင့် အာဟာရချို့တဲ့မှု သို့မဟုတ် အရက် အလွန်အကျွံသောက်လျှင် ဖြစ်ပေါ်တတ်ပါသည်။ အော့အန်ချင်စဖွယ်ဖြစ် ခြင်း၊ ဝမ်းဗိုက်နာခြင်း၊ မျက်လုံးဝါခြင်း၊ ဆီးအရောင်ရင့်ခြင်း သို့မဟုတ် ဖြူဖပ်ဖြူရော် ကြင်ကြီးဖြစ်ခြင်း ကဲ့သို့သောလက္ခဏာများကို ချက်ချင်း သတင်းပို့သင့်သည်၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် အသည်းအဆိပ်အတောက်ဖြစ်မှုကို ညွှန်ပြနိုင်သည်။ အကယ်၍သင်သည် INAH ကို သောက်နေပါက၊ 25 မီလီဂရမ်အားရှိသော အဖြူရောင်* သေးငယ်သည့်ဆေးပြား ပိုင်ရီထောင့်ဆင်း (ဗီတာမင် ဘီ 6) ကိုလည်း သာမန်အားဖြင့် သင့် အားပေးပါလိမ့်မည်။ ဆေးခွက်ချိန်အနည်းငယ်လိုအပ်သော ကလေးများအတွက် Isoniazid အရည် ရရှိနိုင်ပါသည်။

Rifampicin: ဆေးတောင့် သို့မဟုတ် ဆေးပြားများဖြစ်ပြီး ဆေးစွမ်းအား သုံးမျိုးဖြင့်လာပါသည်၊ ၎င်းတို့မှာ 150 မီလီဂရမ်၊ 300 မီလီဂရမ် နှင့်600 မီလီဂရမ်တို့ဖြစ်ပြီး အဆုတ်ရောဂါ TB ပိုးအပေါ်အစွမ်းထက်ပါသည်။ ဆေးအရောင်မှာ တံဆိပ်နှင့်ဆေးစွမ်းအား အမျိုးမျိုးအပေါ်မူတည်၍ ခြားနားကြပါသည်။ ဆေးခွက်ချိန်အနည်းငယ်လိုအပ်သော ကလေးများအတွက် Rifampicin အရည် ရရှိနိုင်ပါသည်။ ဤဆေးသည် အနီရောင်၊ လိမ္မော်ရောင် သို့မဟုတ် နီညိုရောင် ဆီးကိုဖြစ်ပေါ်စေနိုင်သည်၊ ၎င်းပြင် ရံဖန်ရံခါ အခြားကိုယ်ခန္ဓာအရည်များ မျက်ရည်ကဲ့သို့ ကိုအရောင်ဖြစ်စေသည်။ ဤကိစ္စသည်စိုးရိမ်စရာမလိုပါ၊ သို့သော်လည်း ဆေးအာနိသင်သည်ကိုယ်ခန္ဓာတွင်းရောက်ရှိသည်ဟု ညွှန်ပြပါသည်။ သင် *ပုံမှန်သောက်နေသည့်မည်သည့်ဆေးဝါးကိုမဆို* သင့်ဆရာဝန် အားပြောပြရမည်ဖြစ်သည် အဘယ်ကြောင့်ဆိုသော် rifampicin သည် အချို့ဆေးဝါးများ အထူးသဖြင့် warfarin, prednisone နှင့် *အခြားကိုယ်ဝန်တားဆေး* တို့၏အာနိသင်ကို ထိခိုက်စေနိုင်သည်။

အကယ်၍သင်သည် ကိုယ်ဝန်တားဆေးကိုသောက်သုံးနေရလျှင် ၎င်းတို့၏အာနိသင်မှာ ကျဆင်းနိုင်သဖြင့် သင့်အနေဖြင့်အခြားပုံစံကိုယ်ဝန်တားနည်း အမျိုးအစားကို အသုံးပြုရန်လိုအပ်သည်။ အကယ်၍သင်သည်ထိုဆေးဝါးများကိုသောက်သုံးနေလျှင် ဆရာဝန်အားပြောပြရန် သတိရပါ။

Rifampicin ကုသမှုကိုအဟန့်အတားလုပ်ခြင်းသည် လွန်ကဲသောဘေးထွက်ဆိုးကျိုးအလားအလာဖြစ်ပေါ်စေနိုင်သည်၊ တုပ်ကွေးကဲ့သို့နာမကျန်းမှု (ခေါင်းကိုက်ခြင်း၊

အဖျားတက်ခြင်းနှင့် ချမ်းစိမ့်ခြင်း) မှ အလွယ်တကူ အညိုအမည်းစွဲခြင်းနှင့်သွေးယိုခြင်းပါဝင်သော လွန်ကဲသည့် သွေးရောဂါအထိ ဖြစ်နိုင် သည်။ *အကယ်၍ ဤကိစ္စဖြစ်ပွားလျှင် ချက်ချင်းသတင်းပို့ပါ*။ သို့သော်လည်း သတိပြုရမည်က အကယ်၍ ဆေးများကို ဆေးခွက်ချိန်နှင့်သောက်ရမည့် အကြိမ် ကို ညွှန်ကြားသည့် အတိုင်းသောက်ပါက ဤလက္ခဏာများမှာ ရှားရှားပါးပါး *ဖြစ်ခဲပါသည်*။

Ethambutol: ဆေးပြားများမှာ ဆေးစွမ်းအား နှစ်မျိုးဖြင့်လာပါသည်၊ 400 မီလီဂရမ် အရွယ်ကြီးပြီး မီးခိုးရောင်* ဆေးပြားနှင့် 100 မီလီဂရမ် အရွယ်သေးငယ်ပြီး အဝါရောင်* ဆေးပြားတို့ဖြစ်ကြသည်။ ဤဆေးပြားကိုသောက်သုံးနေစဉ် သင်၏အမြင်အာရုံပြောင်းလဲမှုတစ်ခုခု (အမြင်အာရုံမှုန်ခြင်း သို့မဟုတ် အရောင်အမြင်အာရုံပြောင်းလဲခြင်း) ကိုသတင်းပို့ရန်အရေးကြီးပါသည်။ အကယ်၍သင့်တွင် ကျောက်ကပ်ရောဂါ ဖြစ်စေ သို့မဟုတ် အဆစ် ရောင်ဒူလာရောဂါရှိလျှင်ဖြစ်စေ ဤဆေးကိုသင်စတင်မစားမီ ဆရာဝန်အား သတင်းပို့ပါ။

Pyrazinamide: ဆေးပြားများမှာ အရွယ်ကြီးပြီး အဖြူရောင် 500 မီလီဂရမ် ဆေးပြားများဖြစ်သည်၊ ကုသမှု၏ပထမအဆင့်တွင် အဆုတ်ရောဂါ TB ပိုးအပေါ် ပြင်းထန်စွာ ဆေးစွမ်းပြပါသည်။ အရေပြားအဖုပေါက်ခြင်း၊ အဖျားတက်ခြင်း၊ အော့အန်ခြင်း၊ အရေပြားနှင့်မျက်လုံးဝါခြင်း၊ ဆီးအရောင်ရင့်ခြင်း၊ အဆစ်နာခြင်း သို့မဟုတ် သမရိုးကျ မဟုတ်သော သွေးယိုခြင်း သို့မဟုတ် အညိုအမည်းစွဲခြင်း ကဲ့သို့သောမည်သည့်ဘေးထွက်ဆိုးကျိုးမျိုးကိုမဆိုကို သင့်ဆရာဝန်အား သတင်းပို့ရန် အရေးကြီး ပါသည်။ အကယ်၍သင့်တွင် အဆစ်နာဒူလာရောဂါရှိလျှင် ကျေးဇူးပြုပြီး သင့်ဆရာဝန်အားပြောပြပါ။

Streptomycin: ဤဆေးကို ထိုးဆေးအဖြစ်ပေးပါသည်၊ ရံဖန်ရံခါမှသာလျှင် သုံးပါသည်။ မူးဝေခြင်း၊ ဟန်ချက်မထိန်းနိုင်ခြင်း၊ အော့အန်ချင်စဖွယ်ဖြစ်ခြင်း၊ နားအတွင်းအသံမြည်နေခြင်း သို့မဟုတ် နားအကြားအာရုံပျောက်ကွယ်ခြင်း တို့၏မည်သည့် လက္ခဏာများမဆိုကို သင့်ဆရာဝန်အားသတင်းပို့ပါ။

Prothionamide: သေးငယ်ပြီး လိမ္မော်ရောင်* 250 မီလီဂရမ် ဆေးပြားဖြစ်ပြီး ချောမွေ့သောမျက်နှာပြင်ရှိသည်။ Prothionamide ကို ရံဖန်ရံခါမှသာလျှင် သုံးပါသည်။ ဘေးထွက်ဆိုးကျိုးများဖြစ်သည့် အော့အန်ချင်စဖွယ်ဖြစ်ခြင်း နှင့်ဝမ်းလျောခြင်းတို့ ဖြစ်ပွားနိုင်သည် ၊ ၄င်းတို့ကို သတင်းပို့သင့်သည်။

Cycloserine: 250 မီလီဂရမ် မီးခိုးရောင် သို့မဟုတ် အနီရောင်* ဆေးတောင့်ဖြစ်ပြီး ၄င်းကိုရှားရှားပါးပါးသုံးခဲပါသည်။ အရေးကြီးသော ဘေးထွက်ဆိုးကျိုး များမှာ စိတ်နေစိတ်ထားနှင့် အမူအကျင့်ပြောင်းလဲမှုများ နှင့်အာရုံရူးစိုက်မှုနှင့်မှတ်ဉာဏ်ထိခိုက်မှုများဖြစ်ပါသည်။

**အကယ်၍ထုတ်လုပ်သူကိုပြောင်းလဲလိုက်လျှင် ဆေးပြားအရောင် ပြောင်းလဲနိုင်သည်*။

မည်သည့် လက္ခဏာများကို ကျွန်ုပ်၏ဆရာဝန်အား ကျွန်ုပ်သတင်းပို့သင့်သနည်း။

အထက်တွင် ဘေးထွက်ဆိုးကျိုးများ အမြောက်အများ စာရင်းပြုထားသော်လည်း လူအတော်များများသည် ဘေးထွက်ဆိုးကျိုးမရှိပဲ ကုသမှုကိုခံနိုင်ပါသည်။

အကယ်၍ အောက်ပါလက္ခဏာများ၏တစ်ခုခုကို -

- အရေပြားအဖုများ (ဤကိစ္စသည် ဆေးပြားများနှင့်မတည့်သောကြောင့်ဖြစ်နိုင်၍ ၄င်းကိုချက်ချင်းသတင်းပို့ရမည်ဖြစ်သည်)
- အခြားမတည့်မှု၏သင်္ကေတများ (နတ်ခမ်းရောင်ခြင်း၊ လျှာ သို့မဟုတ် မျက်ခွံ ရောင်ခြင်း ၊ အသက်ရှူရာတွင်တဖွီးဖွီးမြည်ခြင်း၊ အဖြေမပေါ်သော အဖျားတက်ခြင်း နှင့်ပါးစပ်တွင်းအနာများတို့ပါဝင်ပြီး ၄င်းတို့ကို ချက်ချင်းသတင်းပို့ရမည်ဖြစ်သည်)
- အော့အန်ချင်စဖွယ်ဖြစ်ခြင်း၊ အော့အန်ခြင်း၊ ဝမ်းလျောခြင်း သို့မဟုတ် ဝမ်းဗိုက်နာခြင်း
- လက်များ သို့မဟုတ် ခြေများတွင် စိုးစိစိခံစားရခြင်း
- အမြင်အာရုံ ပျက်ပြားခြင်းများ
- အလွန်အမင်း ပင်ပန်းနွမ်းနယ်ခြင်း၊ အားနည်းယိမ်းယိုင်ခြင်း သို့မဟုတ် မူးဝေခြင်း ကဲ့သို့အခြားသမရိုးကျမဟုတ်သော မည်သည့်လက္ခဏာများ မဆို

သင် ကြုံတွေ့ရလျှင် အောက်ပါတို့ကိုချက်ချင်းဆက်သွယ်ရန်အရေးကြီးပါသည် -

- အဆုတ်ရောဂါထိန်းချုပ်ရေးဌာန (အောက်တွင် တည်နေရာနှင့် ဆက်သွယ်ရမည့်အသေးစိတ်အချက်အလက်ကိုကြည့်ပါ)
- သင့် ဆရာဝန်
- သို့မဟုတ် အနီးဆုံး ဆေးရုံ

ထပ်ဆင့် အချက်အလက်များ

တည်နေရာ	တယ်လီဖုန်း	တည်နေရာ	တယ်လီဖုန်း
Metro South Clinical TB Service Princess Alexandra Hospital (*Brisbane*)	3176 4166	*Cairns* TB Control Unit Cairns Base Hospital	4226 6240
Rockhampton TB Control Unit Rockhampton Base Hospital	4920 6211	*Townsville* TB Control Unit Townsville General Hospital	4433 2860
Toowoomba TB Control Unit Toowoomba Hospital	4616 6446		

ကျွန်ုပ် ယခုဘာလုပ်သင့်ပါသလဲ။

1. နေ့စဉ် *အချိန်မှန်* အောက်ပါဆေးဝါးများ *အားလုံးကို* အတူတူသောက်ပါ --အားလုံးကိုတစ်ခါတည်းမြိုချရမည်ဟုမဆိုလိုပါ။ ဆေးဖက်ဆိုင်ရာနှင့် သူနာပြု ဝန်ထမ်းများမှပေးသည့် အကြံဉာဏ်၊ ညွှန်ကြားချက်များနှင့်ကုသမှုတို့ကို တိတိကျကျလိုက်နာပါ။ သင်သောက်ရမည့် ဆေးအရေအတွက်ကို သင့်ဆရာဝန် သို့မဟုတ် သူနာပြုက ဖြည့်စွက်ပေးသင့်ပါသည်။

ဆေးဝါး	ဆေးခွက်ချိန်	ဆေးဝါး	ဆေးခွက်ချိန်
INAH (Isoniazid)	.....ဆေးပြားများ	**Prothionamide:**	.....250 မီလီဂရမ်ဆေးပြားများ
Rifampicin:	..... 600 မီလီဂရမ် ဆေးပြား ..... 300 မီလီဂရမ် ဆေးတောင့်များ ..... 150 မီလီဂရမ် ဆေးတောင့်များ	**Cycloserine:**	.....250 မီလီဂရမ်ဆေးပြားများ
Pyridoxine	....25 မီလီဂရမ်ဆေးပြားများ	*အခြားဆေးများ*	
Ethambutol:	....400 မီလီဂရမ်ဆေးပြားများ ....100 မီလီဂရမ်ဆေးပြားများ		
Pyrazinamide:	.....ဆေးပြားများ		

2. ဆရာဝန်က ရပ်ပါဟုမပြောမချင်း ဆေးကိုဆက်လက်သောက်ပါ။ ဆေးကိုနေ့စဉ်သောက်ရမည်ဖြစ်ကြောင်းသတိပြုပါ (ဆရာဝန်ကအခြားနည်းစီစဉ် ထားခြင်းမရှိလျှင်) အကယ်၍သင်နေကောင်းသည်ဟုခံစားရသည့်တိုင်အောင် သောက်ရမည်ဖြစ်သည်။

3. အဆုတ်ရောဂါ TB ကုသမှုဖြစ်စဉ်များသည် ကိုယ်ဝန်ဆောင်စဉ်အတွင်း ဘေးကင်းပါသည်၊ ဆရာဝန်အားဆွေးနွေးခြင်းမပြုမီ မရပ်ဆိုင်းသင့်ပါ။ အကယ်၍သင် ကိုယ်ဝန်ဆောင်လာလျှင် တတ်နိုင်သမျှလျင်မြန်စွာ ဆရာဝန်အားပြောပြရန် အရေးကြီးပါသည်။

4. ဆေးခွက်ချိန်ကိုမပြောင်းလိုက်ပါနှင့် သို့မဟုတ် နေ့စဉ်ကုသမှုကို မဟန့်တားပါနှင့်။

5. ဆေးဝါးများကို အခြားသူများအား မပေးပါနှင့်၊ အကယ်၍ ရောဂါချင်းတူနေသည့်တိုင်အောင် မပေးပါနှင့်။ ထိုသူများကို ဆရာဝန်တစ်ဦး သို့မဟုတ် အဆုတ်ရောဂါ ထိန်းချုပ်ရေး ဌာန သို့ ညွှန်းပေးပါ။

6. အဆုတ်ရောဂါ TB အတွက်ကုသမှုမှာ ကာလကြာရှည်ပါလိမ့်မည် (ပျောက်ကင်းအောင်သေချာစေရန် အနည်းဆုံး ကုသမှု ကာလ ခြောက်လ လိုအပ် သည်)။ ထို့ကြောင့် အကယ်၍သင် နေထိုင်ကောင်းသည်ဟုခံစားရသည့်တိုင်အောင် ညွှန်ကြားထားသည့်အတိုင်း ကုသမှုကို သင်ဆက်လက်ခံယူ သင့်ပါသည်။ ဤကိစ္စကို သင့်ဆရာဝန်နှင့် ဆွေးနွေးနိုင်သည်။

7. ပုံမှန်ရက်ချိန်းများ အတွက်ပြန်လာရန်သင့်အား သင့်ဆရာဝန်ကမေးမြန်းပါလိမ့်မည်၊ ဤရက်ချိန်းများအတိုင်း သင်လာရောက်ရန် အရေးကြီးပါသည်။ အကယ်၍ရက်ချိန်းအတိုင်း သင်လာရောက်ရန်မဖြစ်နိုင်လျှင်၊ အဆုတ်ရောဂါ TB ဌာနမှ သူနာပြု သို့မဟုတ် သင့်ကုသပေးသည့်ဆရာဝန်အား ပြောပြရ မည်ဖြစ်သည် ထိုအခါ အခြားရက်ချိန်းတစ်ခုကို ပေးနိုင်ပါသည်။

8. ဆေးဝါးများကို အများပြည်သူဆေးရုံ ဆေးပေးခန်းများနှင့်ပူးပေါင်း၍ ကျန်းမာရေးဌာနမှတစ်ဆင့် အခမဲ့ဖြန့်ချီပေးပါသည်။ မက်ထရိုဆောက် အဆုတ်ရောဂါ TB ဌာနအတွက် အဓိကဖြန့်ချိသူမှာ Princess Alexandra ဆေးရုံဆေးပေးခန်းဖြစ်ပြီး ၄င်းတွင် တနင်္လာ မှ သောကြာ နံနက် 9.00 နာရီမှ ညနေ 4.30 နာရီအတွင်း (အများပြည်သူရုံးပိတ်ရက်များမှအပ) ဆေးဝါးများကိုလာရောက်ယူနိုင်ပါသည်။ အကယ်၍ဤကိစ္စ သင်နှင့် မသက်ဆိုင်လျှင်၊ ဆေးယူရန်နေရာကိစ္စကို သင့်ဆရာဝန်နှင့် ကျေးဇူးပြု၍ဆွေးနွေးပါ။ ဆေးဝါးများကို ပုံမှန် ရယူသင့်ပါသည် (သာမန်အားဖြင့် ဆရာဝန် နှင့်တွေ့သည့်ရက်ချိန်းနေ့တွင်ပင်ဖြစ်သည်)။ အကယ်၍သင့်တွင် ဆေးအလုံးရေနည်းလာသည့်အခါ၊ သင့်လက်ကျန်ဆေးများမကုန်မီ နောက်ထပ်ဆေး များကို ချက်ချင်းရယူထားပါ။

9. အကယ်၍သင့်တွင် ကုသမှု သို့မဟုတ် ဆေးခွက်ချိန် နှင့်ပတ်သက်၍ သံသယတစ်ခုခုရှိလျှင် အနီးဆုံး အဆုတ်ရောဂါ TB ထိန်းချုပ်ရေးဌာန မှဆေးဖက် ဆိုင်ရာ သို့မဟုတ် သူနာပြု ကိုရုံးချိန်အတွင်း သို့မဟုတ် သင့်ကုသပေးသည့်ဆရာဝန်ကို ဆက်သွယ်ပါ။

10. သင့်တွင်မည်သည့်ဘေးထွက်ဆိုးကျိုးမဆိုဖြစ်လျှင် သင့်ဆရာဝန် သို့မဟုတ် အဆုတ်ရောဂါ TB ထိန်းချုပ်ရေးဌာန ကိုချက်ချင်းဆက်သွယ်ပါ။

11. သင့်ဆရာဝန်နှင့်ရက်ချိန်းကို လာရောက်သည့်အခါ သင့်ဆေးဝါးများအားလုံးနှင့် ပုလင်းအလွတ်များကိုတစ်ပါးတည်းယူဆောင်လာရန် သတိပြုပါ၊ ဆေးဝါးများကို ကလေးများလက်လှမ်းမမီသောနေရာနှင့် အေးချိုခြောက်သွေ့သောနေရာတွင် ထားသိုပါ။

12. ဤဆေးဝါးများကို သင်သောက်သုံးနေစဉ်အတွင်း သင့်အားစောင့်ရှောက်ရန် အဆုတ်ရောဂါ TB ထိန်းချုပ်ရေးဌာန မှသူနာပြုတစ်ဦးအား တာဝန်ချထား ပေးပါလိမ့်မည်။ သင်ဤဆေးဝါးများကိုသောက်သုံးနေစဉ်အတွင်း သင့်တိုးတက်မှုကိုတိုင်းတာရန် သူနာပြုတစ်ဦးသည် ပုံမှန် သင့်အားဆက်သွယ် သို့မဟုတ် သင့်ထံလာရောက် လိမ့်မည်ဖြစ်ပြီး ရောဂါကိုစီမံရေးနှင့်ပတ်သက်သည့် မည်သည့်စိုးရိမ်မှုမျိုးကိုမဆို ဆွေးနွေးရန်အလိုရှိပါလိမ့်မည်။

13. သင့်အတွက် ကြီးကြပ်ပေးသည့်ကုသမှုကို ဆရာဝန်ကအဘယ်ကြောင့်စီစဉ်ရသည့် အကြောင်းရင်းများ အမြောက်အများရှိပါသည်၊ ဘေးထွက်ဆိုးကျိုး များကိုအနီးကပ်စောင့်ကြည့်ရန်ကဲ့သို့ ဖြစ်ပါသည်။ ဤကိစ္စ၌ ကြီးကြပ်သူတစ်ဦးသည် သီးခြားရက်များတွင် အချိန်မှန် သင့်ဆေးများကို ပေးပါလိမ့်မည်။

Tuberculosis Medications

Version 2 – April 2013

Why is tuberculosis (TB) treatment important?

Treatment will have been ordered by the doctor for one of the following reasons:

- **Treatment for active TB disease**. TB does not always cause the classic symptoms of coughing, weight loss, night sweats and blood-streaked sputum, but these symptoms may develop and death may occur if the disease is not properly treated. Untreated disease also puts others at risk of infection. Prescribed TB treatment must be completed. After only a short time of being on treatment, you may feel much improved, or even very well. However, germs may still be present and only a full course of treatment will kill all germs. TB is an infectious disease and treatment prevents passing the infection on to others.
- **Treatment for latent TB infection, to prevent TB developing** where there is evidence of infection with the TB germ, but no sign of active disease.
- Occasionally anti-tuberculosis drugs are used to treat other types of infection, such as non-tuberculous mycobacterial diseases.

When do I take my tablets?

Medications must be taken without fail as directed by your doctor for successful treatment. Medications are usually given daily, but sometimes they are only given two or three days a week. In this case, they must be taken on the specified days and under direct supervision by either a nurse from the clinic (see page 3, point 13) or another supervisor. Medication should be swallowed (*not chewed*) at the same time each day on an empty stomach (one and a half hours before or after food). Most people find it best to take the medications before bed. All medications should be taken at the same time, but do not need to all be swallowed together.

Which drugs are used to treat TB?

Below is a list of drugs used to treat TB, and their possible side effects. Not all side effects are listed, and your doctor will discuss them in more detail. The medications usually cause no side effects that would prevent their use, but it is important to recognise these, and report them to your doctor if they occur. Reporting any symptoms such as nausea, abdominal pain, yellow eyes, dark urine or pale bowel motions *immediately* is most important, because one or more of the drugs can cause these problems.

INAH (Isoniazid): Small, white tablets of 100mg strength, which are powerful against the TB germ. They sometimes cause minor symptoms such as irritability, fatigue, lack of concentration or worsening of acne. If these result in mood and behaviour changes, they should be reported *immediately* to your doctor. Weakness, numbness and tingling of hands and feet occasionally occur, especially with poor nutrition or excess alcohol intake. Symptoms such as nausea, abdominal pain, yellow eyes, dark urine or pale bowel motions should be reported immediately, because these may indicate liver toxicity. If you are taking INAH, you will usually also be prescribed pyridoxine (Vitamin B6) in the form of small, white* tablets in 25mg strength. Isoniazid syrup is available for small children needing a lower dose.

Rifampicin: Capsules or tablets that come in three strengths, 150mg, 300mg and 600mg, and are powerful against the TB germ. The colour varies with different brands and strengths. Rifampicin syrup is available for small children needing a lower dose. This medication can cause red, orange or reddish-brown coloured urine, and occasionally other body fluids, such as tears. This is no cause for concern, but indicates that the drug is getting into the body. You must tell the doctor about *any regular medication* you take, because rifampicin can affect the action of certain drugs, especially warfarin, prednisone and the *oral contraceptive pill*.

If you are taking oral contraceptives, their effectiveness may be decreased and you will need to use other forms of contraception. Remember to tell the doctor if you are on such medications.

Interrupting rifampicin treatment can cause potentially serious side effects, from a flu-like illness (with headaches, fevers and chills) to a serious bleeding disorder with easy bruising and bleeding. *If this occurs, report immediately*, but remember, these symptoms *are rare if tablets are taken as directed* at

the proper dose and frequency.

Ethambutol: Tablets come in two strengths, 400mg which is a large, grey* tablet, and 100mg which is a small, yellow* tablet. It is important to report any change in your eyesight (such as blurred vision or change in colour vision) when taking this tablet. If you have any kidney disease or if you suffer from gout, report this to your doctor before you start this medication.

Pyrazinamide: These are large, white 500mg tablets that act strongly against the TB germ in the first stages of treatment. Reporting to your doctor any side effects such as skin rash, fever, vomiting, yellowing of skin or eyes, darkened urine, joint pain or unusual bleeding or bruising is important. If you have gout, please tell your doctor.

Streptomycin: This is given as an injection and used only occasionally. Report to your doctor any symptoms of dizziness, loss of balance, nausea, ringing ears or hearing loss.

Prothionamide: Small, orange* 250mg tablets, with a smooth surface. Prothionamide is used only occasionally. Side effects of nausea, vomiting and diarrhoea can occur and should be reported.

Cycloserine: 250mg grey or red* capsules that are rarely used. Important side effects are mood and behaviour changes, and disturbances of concentration and memory.

**Colours of tablets may differ if changed by the manufacturers.*

Which symptoms should I report to my doctor?

Although many side effects are listed above, most people tolerate treatment without side effects.

If you experience any of the following symptoms:

- skin rashes(this could be due to an allergy to the tablets and must be reported immediately)
- other signs of allergy (these include swelling of lips, tongue or eyelids; wheezing; unexplained fever; and mouth ulcers, and must be reported immediately)
- nausea, vomiting, diarrhoea or abdominal pain
- tingling of hands or feet
- visual disturbances
- any other unusual symptoms such as exceptional tiredness, faintness or dizziness

Then it's important to contact:

- a Tuberculosis Control Unit (see location and contact details below)
- your own doctor
- or the nearest hospital immediately.

Further information

Location	Telephone	Location	Telephone
Metro South Clinical TB Service Princess Alexandra Hospital (*Brisbane*)	3176 4166	*Cairns* TB Control Unit Cairns Base Hospital	4226 6240
Rockhampton TB Control Unit Rockhampton Base Hospital	4920 6211	*Townsville* TB Control Unit Townsville General Hospital	4433 2860
Toowoomba TB Control Unit Toowoomba Hospital	4616 6446		

What should I do now?

1. Take the following medications *all together at the same time each day*—not necessarily swallowed all together. Strictly follow the advice, instructions and treatment from medical and nursing staff. Your doctor or nurse should fill out the number of tablets you are taking:

Drug	Dose	Drug	Dose
INAH (Isoniazid)	…….tablets	**Prothionamide**	……250mg tablets
Rifampicin	…….. 600 mg tablet …….. 300 capsules …….. 150 capsules	**Cycloserine**	..…. 250mg tablets
Pyridoxine	…….. 25mg tablets	*Others*	
Ethambutol	…….. 400mg tablets …….. 100mg tablets		
Pyrazinamide	…….. tablets		

2. Continue taking the medication until advised by the doctor to stop. Remember, medication must be taken every day (unless planned otherwise by doctor), even if you feel well.

3. Most TB treatment regimens are safe during pregnancy and should not be interrupted before discussion with the doctor. It is important to tell the doctor as soon as possible if you become pregnant.

4. Do not change the dosage or interrupt daily treatment.

5. Do not offer the medications to others, even if they have similar complaints. Refer them to a doctor or a Tuberculosis Control Unit.

6. Treatment for TB will be of long duration (a minimum of six months treatment is required to ensure cure). Therefore, you should continue treatment as prescribed even if you are feeling well. This matter can be discussed with your doctor.

7. You will be asked by the Doctor to return regularly for appointments and it is most important that you keep these appointments. If it is impossible for you to attend the appointment, you must tell the Nurse from the TB Unit or your treating doctor so another appointment can be made.

8. The medicines are supplied free of charge through the Department of Health in cooperation with public hospital pharmacies. The principal supplier for Metro South TB Unit is The Princess Alexandra Hospital Pharmacy where the medications may be collected between 9.00am and 4.30pm, Monday to Friday (except Public Holidays). If this is not applicable to you, please discuss your collection point with your doctor. They should be collected regularly (usually on the same day as your appointment with the doctor). If your supply is low, obtain further medications immediately before you run out of stock.

9. If you have any doubts at all about the treatment or the dosage of drugs, contact the Medical or Nursing Staff of the closest TB Control Unit during office hours or your treating doctor.

10. Contact your doctor or TB Control Unit immediately if you have any side effects.

11. Remember to bring all your medications and empty bottles with you when you attend for your Doctor's appointment. Keep the medications out of reach of children and in a cool dry place.

12. A nurse from a TB Control Unit will be assigned to your care while you are taking these medications. The nurse will contact and/or visit you regularly whilst you are taking these medications to monitor your progress and will be available to discuss any concerns regarding the management of the disease.

13. There are many reasons why your doctor may plan supervised treatment for you, such as to closely monitor side effects. In this case, a supervisor will give your medications at the same time on the specific days.